# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ
**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁၇/၈၉)**

**၁၃၅၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**

**(၁၉၈၉ ခုနှစ် ၊ ဩဂုတ်လ ၁၀ ရက်)**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်-

(က) **စစ်မှုထမ်းဟောင်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့အဆင့်ဆင့်ကို ဆိုသည်၊

(ခ) **စစ်မှုထမ်းဟောင်း** ဆိုသည်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ကာလတွင်ဖြစ်စေ၊ လွပ်လပ်ရေး ကြိုးပမ်းစဉ် ကာလတွင်ဖြစ်စေ၊ လွတ်လပ်ရေးရပြီးကာလတွင်ဖြစ်စေ အသီးသီး ဖွဲ့စည်းတည်ထောင်ခဲ့သည့် စစ်တပ် သို့မဟုတ်တပ်မတော်တစ်မျိုးမျိုးတွင် တပ်မတော်သားအဖြစ် ပါဝင်ထမ်းဆောင်ခဲ့သူများ ကိုဆိုသည်၊

(ဂ) **အဖွဲ့ဝင်** ဆိုသည်မှာ စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်အဖြစ် ဗဟိုအမှုဆောင်အဖွဲ့က အသိအမှတ်ပြုပြီးသူကို ဆိုသည်၊

(ဃ) **ဗဟိုကောင်စီ** ဆိုသည်မှာ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီကို ဆိုသည်၊

(င) **ဗဟိုကောင်စီဝင်** ဆိုသည်မှာ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်တစ်ဦးဦးကို ဆိုသည်၊

(စ) **ဗဟိုအမှုဆောင်အဖွဲ့** ဆိုသည်မှာ စစ်မှုထမ်းဟောင်းအဖွဲ့၏ ဗဟိုအမှုဆောင်အဖွဲ့ကို ဆိုသည်၊

(ဆ) **စစ်မှုထမ်းဟောင်းအဖွဲ့** ဗဟိုဌာနချုပ် ဆိုသည်မှာ ဗဟိုကောင်စီနှင့် ဗဟိုအမှုဆောင်အဖွဲ့ နှစ်ရပ်ပေါင်းကို ဆို သည်၊

(ဇ) **ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုအမှုဆောင်အဖွဲ့က ဖွဲ့စည်းပေးသည့် ပြည်နယ် သို့မဟုတ် တိုင်းကြီးကြပ်ရေးအဖွဲ့ အသီးသီးကိုဆိုသည်၊ ယင်းစကားရပ်တွင် ပြည်နယ် သို့မဟုတ် တိုင်းကြီးကြပ်ရေးအဖွဲ့ခွဲများလည်း ပါဝင်သည်၊

(ဈ) **မြို့နယ်စုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုအမှုဆောင်အဖွဲ့က ဖွဲ့စည်းပေးသည့် မြို့နယ်စု ကြီးကြပ်ရေးအဖွဲ့ အသီးသီးကို ဆိုသည်၊

(ည) **မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အလိုက်ဖွဲ့စည်းသော စစ်မှုထမ်းဟောင်းအဖွဲ့ အသီးသီးကို ဆိုသည်၊

Myanmar Law Information System (MLIS)

(ဠ) **မြို့နယ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ အမှုဆောင်အဖွဲ့ အသီးသီးကို ဆိုသည်၊

(ဋ) **ညီလာခံ**ဆိုသည်မှာ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကို ဆိုသည်၊

(ဌ) **နှစ်ပတ်လည်အစည်းအဝေး** ဆိုသည်မှာ ဗဟိုကောင်စီနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အသီးသီး၏ နှစ်ပတ်လည် အစည်းအဝေးကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်နှင့် အခြေခံလုပ်ငန်းစဉ်

၃။ စစ်မှုထမ်းဟောင်းအဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး တန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ခ) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊

(ဂ) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန် အကူအညီပေးရန်၊

(ဃ) နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်။

၄။ စစ်မှုထမ်းဟောင်းအဖွဲ့၏ အခြေခံလုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၃ ပုဒ်မခွဲ (က)ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(ဂ) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးနှင့် လူမှုရေးကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဃ) စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ ကူညီရိုင်းပင်းရေးနှင့် စည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ရန်၊

(င) စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) စစ်မှုထမ်းဟောင်းများ၏ ကောင်းသော အစဉ်အလာများကို ထိန်းသိမ်း၍ နောင်လာနောက်သားများအား နမူနာကောင်း ပြနိုင်ရေးနှင့် ပြန့်ပွားရေးကို ရှေးရှုဆောင်ရွက်ရန်၊

(ဆ) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ အသိပညာတိုးပွားရေးနှင့် အရည်အသွေးမြင့်မားလာစေရေးကို ရှေးရှု ဆောင်ရွက်ရန်။

## အခန်း(၃)

## အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း

Myanmar Law Information System (MLIS)

၅။ အောက်ပါအချက်များနှင့်ကိုက်ညီသူ စစ်မှုထမ်းဟောင်းများသည် မိမိဆန္ဒအလျောက် စစ်မှုထမ်း ဟောင်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် သတ်မှတ်ထားသော နည်းလမ်းအတိုင်း လျှောက်ထားနိုင် သည်-

(က) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)တွင် အဓိပ္ပာယ်ဖော်ပြထားသော စစ်မှုထမ်းဟောင်းဖြစ်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဗဟိုကောင်စီနှင့် ဗဟိုအမှုဆောင်အဖွဲ့က အခါအားလျော်စွာ ထုတ်ပြန် သည့်လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာရန် ကတိပြုသူဖြစ် ခြင်း၊

(ဂ) စစ်မှုထမ်းဟောင်းအဖွဲ့က ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင်ရန် ကတိပြုသူဖြစ် ခြင်း၊

(ဃ) နိုင်ငံရေးပါတီတစ်ခုခုတွင် ပါတီဝင်မဟုတ်သူဖြစ်ခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့် သို့မဟုတ် နိုင်ငံတော် အားလက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်သည့် အသင်းအဖွဲ့တစ်ခုခု၏ အသင်းဝင်ဖြစ်သူ သို့မဟုတ် အသင်းဝင်ဖြစ်ခဲ့ဖူးသူ မဟုတ်ခြင်း။

၆။ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် တပ်မတော်အိမ်ထောင်စုဝင် အငြိမ်းစားလစာဆက်ခံ ခံစားခွင့်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်သည်။

၇။ (က) ဤဥပဒေ မပြဋ္ဌာန်းမီက ဖွဲ့စည်းထားသော စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်များသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်လျှင် အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိရမည်၊

(ခ) ပုဒ်မ ၆ အရ လျှောက်ထားပြီးနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရ သူသည် တပ်မတော်အိမ်ထောင်စုဝင် အငြိမ်းစားလစာခံစားခွင့် ကုန်ဆုံးပြီးနောက်တွင်လည်း စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်အဖြစ် ဆက်လက်ပါဝင်ခွင့်ရှိစေရမည်။

၈။ အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အဖွဲ့ဝင်တစ်ဦးဦးသည် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီး ဖြစ်စေ ရမည်-

(က) နုတ်ထွက်ခွင့်ရရှိခြင်း၊

(ခ) ပုဒ်မ ၅ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င)ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းကြောင်း စိစစ် တွေ့ရှိရ ခြင်း၊

(ဂ) ဗဟိုအမှုဆောင်အဖွဲ့က ထုတ်ပြန်ထားသည့် စည်းကမ်းနှင့် ကျင့်ဝတ်များကို ဖောက်ဖျက်သဖြင့် အဖွဲ့ဝင် အဖြစ်မှ ထုတ်ပယ်ရန် ဆုံးဖြတ်ခံရခြင်း၊

(ဃ) နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားခြင်း၊

(င) သေဆုံးခြင်း။

## အခန်း(၄)

## ဖွဲ့စည်းခြင်း

၉။ စစ်မှုထမ်းဟောင်းများနှင့် ပတ်သတ်၍ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ တစ်ဖွဲ့သာရှိရမည်။

၁၀။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုကောင်စီနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဟူ၍ အဆင့်နှစ်ဆင့်ဖြင့် ဖွဲ့စည်းရမည်။



Myanmar Law Information System (MLIS)

၁၁။ (က) စစ်မှုထမ်းဟောင်းအဖွဲ့အဆင့်ဆင့်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းနိုင်ရန် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကို ၅ နှစ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပရမည်။

(ခ) လိုအပ်ပါက အထူးညီလာခံကို ကျင်းပနိုင်သည်၊ ညီလာခံသို့ အောက်ပါ ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ရမည်-

(၁) လက်ရှိဗဟိုကောင်စီဝင်များ၊

(၂) ညီလာခံကိုယ်စားလှယ်ဦးရေ သတ်မှတ်ချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊

(၃) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ် ဦးရေ သတ်မှတ်ချက်နှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊

(ဂ) ပုဒ်မခွဲ(ခ)အရ ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ၏ ၇၅ ရာခိုင်နှုန်း တက်ရောက်လျှင် ညီလာခံ အထမြောက်သည်။

၁၂။ စစ်မှုထမ်းဟောင်းအဖွဲ့၏ နာယကများကို ညီလာခံက ၅ နှစ်လျှင် တစ်ကြိမ် တင်မြှောက်ရမည်။ ယင်းနာယကများ၏ သက်တမ်းသည် ညီလာခံသက်တမ်းနှင့်အညီ ဖြစ်ရမည်။

၁၃။ (က) ညီလာခံက ဗဟိုကောင်စီဝင်ဦးရေကို သတ်မှတ်ပေးရမည်၊

(ခ) ဗဟိုကောင်စီဝင်များကို ညီလာခံက သတ်မှတ်သည့် ဦးရေအတိုင်း ၅ နှစ်လျှင်တစ်ကြိမ် ရွေးကောက် တင်မြှောက်ရမည်၊

(ဂ) ဗဟိုကောင်စီသည် နှစ်ပတ်လည်ပုံမှန်အစည်းအဝေးများကို ကျင်းပရမည့်အပြင် လိုအပ်ပါက အထူးအစည်းအဝေးများကိုလည်း ကျင်းပနိုင်သည်။

၁၄။ ဗဟိုကောင်စီဝင်အားလုံး၏ ၇၅ ရာခိုင်နှုန်းက သဘောတူလျှင် ညီလာခံ၏ သက်တမ်းကို-

(က) လျှော့ပေါ့သတ်မှတ်နိုင်သည် သို့မဟုတ်

(ခ) တစ်နှစ်ထက်မပိုသော ကာလအထိ တိုးမြှင့်သတ်မှတ်နိုင်သည်။

၁၅။ (က) ဗဟိုအမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီက ရွေးကောက်တင်မြှောက်သော အဖွဲ့ဝင်များဖြင့် ၅ နှစ်လျှင် တစ်ကြိမ် သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းရမည်-

(ခ) ဗဟိုအမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ ၁ ဦး၊ ဒုတိယဥက္ကဋ္ဌ ၂ ဦး၊ အတွင်းရေးမှူး ၁ ဦး၊ တွဲဖက်အတွင်းရေးမှူး ၂ ဦး၊ ဘဏ္ဍာရေးမှူး ၁ ဦးနှင့် စစ်ဆေးရေးမှူး ၁ ဦးတို့ကို ဗဟိုအမှုဆောင် အဖွဲ့ဝင်များက မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်ရမည်၊

(ဂ) ဗဟိုအမှုဆောင်အဖွဲ့တွင် ပုဒ်မခွဲ(က)အရ ရွေးကောက်တင်မြှောက်သော ဗဟိုကောင်စီဝင်များအပြင် သတ်မှတ်ချက်နှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော တပ်မတော်အရာရှိများကိုလည်း ရာထူးအလျောက် အဖွဲ့ဝင်များအဖြစ် ထည့်သွင်း ဖွဲ့စည်းရမည်။

Myanmar Law Information System (MLIS)

၁၆။ ဗဟိုအမှုဆောင်အဖွဲ့သည် ဗဟိုကောင်စီဝင်များပါဝင်သော ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့များကို ပြည်နယ်နှင့် တိုင်းအလိုက် လည်းကောင်း၊ မြို့နယ်စု ကြီးကြပ်ရေးအဖွဲ့များကို မြို့နယ်စုအလိုက် လည်းကောင်း ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဗဟိုကောင်စီဝင် မလုံလောက်ပါက ညီလာခံကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။ ထို့ပြင် သတ်မှတ်ချက်နှင့်အညီ တိုင်းစစ်ဌာနချုပ်များက တာဝန်ပေးအပ်သော တပ်မတော်အရာရှိများကိုလည်း ထည့်သွင်းဖွဲ့စည်းရမည်။

၁၇။ မြို့နယ်တစ်ခုတွင် အဖွဲ့ဝင် ၃၀ နှင့်အထက်ရှိလျှင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၁၈။ (က) မြို့နယ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များဖြင့် ၅ နှစ် လျှင် တစ်ကြိမ် ဖွဲ့စည်းရမည်၊

(ခ) မြို့နယ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံနှင့် အမှုဆောင်အဖွဲ့ဝင် ဦးရေတို့ကို ဗဟိုအမှုဆောင်အဖွဲ့က မြို့နယ်အလိုက် သတ်မှတ်ပေးရမည်၊

(ဂ) မြို့နယ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး နှင့် စစ်ဆေးရေးမှူး တို့ကို မြို့နယ်အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်ရမည်။

၁၉။ (က) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများကိုလည်း ကျင်းပနိုင်သည်၊

(ခ) မြို့နယ်အတွင်း အမြဲနေထိုင်သူ အဖွဲ့ဝင်တိုင်းသည် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်၊

(ဂ) မြို့နယ်အတွင်း အမြဲနေထိုင်သူ အဖွဲ့ဝင်ဦးရေ၏ ၇၅ ရာခိုင်နှုန်းတက်ရောက်လျှင် နှစ်ပတ်လည်အစည်းအဝေး အထမြောက်သည်။ အကယ်၍ အဖွဲ့ဝင်ဦးရေ ၇၅ ရာခိုင်နှုန်းတက်ရောက်ခြင်း မရှိပါက အစည်းအဝေးကို ရက်သတ္တပတ်တစ်ပတ်ထက်မကျော်စေဘဲ ရွှေ့ဆိုင်း၍ ထပ်မံကျင်းပပြုလုပ်ရမည်။ ယင်းထပ်မံကျင်းပပြုလုပ်သော အစည်းအဝေးတွင် အဖွဲ့ဝင်ဦးရေ ၇၅ ရာခိုင်နှုန်း တက်ရောက်ခြင်း မရှိစေကာမူ အစည်းအဝေးအထမြောက်သည်။

၂၀။ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်၊ ဗဟိုကောင်စီ၊ ဗဟိုအမှုဆောင်အဖွဲ့နှင့် မြို့နယ်အမှုဆောင် အဖွဲ့တို့၏ သက်တမ်းသည်လည်းကောင်း၊ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်စု ကြီးကြပ်ရေးအဖွဲ့ တို့၏ သက်တမ်းသည်လည်းကောင်း ညီလာခံသက်တမ်းနှင့်အညီ ဖြစ်စေရမည်။

## အခန်း(၅)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၁။ ညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကောင်စီက တင်သွင်းသော အစီရင်ခံစာများ၊ ဘဏ္ဍာရေးအခြေအနေရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ် များကို ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း၊

(ခ) ဗဟိုကောင်စီကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်း၊



Myanmar Law Information System (MLIS)

(ဂ) စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပတ်သတ်သော စည်းရုံးရေး၊ လှုံ့ဆော်ပညာပေးရေး၊ စည်းကမ်းထိန်းသိမ်း ရေး၊ သက်သာချောင်ချိရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးကိစ္စများကို အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) အခြားလိုအပ်သော စစ်မှုထမ်းဟောင်းရေးရာကိစ္စများကို ဤဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်း။

၂၂။ ဗဟိုကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ညီလာခံကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုအမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်း၊

(ဂ) စစ်မှုထမ်းဟောင်းအဖွဲ့၏ စည်းရုံးရေး၊ လှုံ့ဆော်ပညာပေးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ သက်သာချောင်ချိရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးကိစ္စများနှင့် စပ်လျဉ်း၍ မူချမှတ်ခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ဗဟိုကောင်စီအစည်းအဝေးသို့ ဗဟိုအမှုဆောင်အဖွဲ့က တင်သွင်းသော အစီရင်ခံစာများ၊ ဘဏ္ဍာရေး အခြေအနေနှင့် ရှင်းတမ်းများကို ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊

(င) စစ်မှုထမ်းဟောင်းအဖွဲ့အဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(စ) ဗဟိုအမှုဆောင်အဖွဲ့က တင်ပြသော လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြ နိုင်ရန် စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) အယူခံလွှာများကို ကြားနာခြင်း၊ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

၂၃။ ဗဟိုအမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကောင်စီကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုကောင်စီက ချမှတ်သော လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်စုကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခြင်း၊ ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(င) လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေ သတ်မှတ်ပေးခြင်း၊

(စ) မြို့နယ်အမှုဆောင်အဖွဲ့များက ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများကို စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်စုကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ များ ကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) ပြည်နယ်နှင့် တိုင်းအလိုက် ဗဟိုကောင်စီတွင် ပါဝင်ရမည့် ဗဟိုကောင်စီဝင်ဦးရေကို သတ်မှတ်ပေးခြင်း၊

(ဈ) မြို့နယ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံနှင့် အမှုဆောင်အဖွဲ့ဝင်ဦးရေကို သတ်မှတ်ပေးခြင်း၊
မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ အခြေခံအဖွဲ့အစည်းများကို သတ်မှတ်ချက်နှင့်အညီ လိုအပ်သလို ဖွဲ့စည်းခြင်း၊ ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) ဤဥပဒေပါ ကိစ္စအလို့ငှာ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် ပတ်သတ်သော ပြစ်မှုများကို သတ်မှတ်ခြင်း၊

Myanmar Law Information System (MLIS)

(ဋ) ဤဥပဒေအရ လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ဗဟိုကောင်စီ၏ အတည်ပြုချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဌ) ညီလာခံနှင့် ဗဟိုကောင်စီအစည်းအဝေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဍ) လိုအပ်သော ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဎ) စည်းကမ်းအရ အရေးယူရန်ကိစ္စများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဏ) တူညီသော ရည်ရွယ်ချက်ရှိသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

၂၄။ ဗဟိုအမှုဆောင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လာသည့်အခါတွင် ယာယီမြို့နယ် အမှုဆောင်အဖွဲ့တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ ဤဥပဒေပါ မြို့နယ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် တာဝန်ပေးအပ်နိုင်သည်-

(က) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တစ်ရပ်ရပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်တည်ရှိရန် မဖြစ်နိုင်လျှင်၊

(ခ) မြို့နယ်အမှုဆောင်အဖွဲ့ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရန် မဖြစ်နိုင်လျှင်။

၂၅။ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်စုကြီးကြပ်ရေးအဖွဲ့များသည် ဗဟိုအမှုဆောင်အဖွဲ့က သတ်မှတ်ပေးသော တာဝန် နှင့် လုပ်ပိုင်ခွင့်များအရ ဗဟိုအမှုဆောင်အဖွဲ့ကို တာဝန်ခံ၍ ဆောင်ရွက်ရမည်။

၂၆။ မြို့နယ်အမှုဆောင်အဖွဲ့၏ တာဝန် နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုအမှုဆောင်အဖွဲ့ နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ခ) ဗဟိုကောင်စီနှင့် ဗဟိုအမှုဆောင်အဖွဲ့က ချမှတ်သော လုပ်ငန်းရပ်များနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မိမိ၏ သဘောထားမှတ်ချက်နှင့်တကွ ဗဟိုအမှုဆောင် အဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က လုပ်ကိုင်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသည့် လုပ်ငန်းများကို ဗဟိုအမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊ ယင်း၏ ဆောင်ရွက်ချက်များကို ဗဟိုအမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(င) လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်စုကြီးကြပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်ခြင်း၊

(ဆ) နှစ်ပတ်လည်အစည်းအဝေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဇ) အဖွဲ့ဝင်ကြေးနှင့် လစဉ်ကြေးများကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ကောက်ခံခြင်း၊

(ဈ) ဗဟိုအမှုဆောင်အဖွဲ့က ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၂၇။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မြို့နယ်အမှုဆောင်အဖွဲ့က တင်သွင်းသော အစီရင်ခံစာများ၊ ဘဏ္ဍာရေးအခြေအနေ ရှင်းတမ်းများကို ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊

(ခ) ၅ နှစ်မြောက်သော နှစ်ပတ်လည်အစည်းအဝေးတွင် ပုဒ်မခွဲ (က)ပါ ကိစ္စရပ်များအပြင် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ် ရွေးချယ်ခြင်းနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်ခြင်း။

၂၈။ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဗဟိုကောင်စီဝင်၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်၊ ညီလာခံ ကိုယ်စားလှယ်၊ မြို့နယ်အမှုဆောင်အဖွဲ့ဝင်၊ ပြည်နယ်၊ တိုင်းကြီးကြပ်ရေးအဖွဲ့ဝင် သို့မဟုတ် မြို့နယ်စု ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးဦးအား ပေးအပ်ထားသော တာဝန်ကို ရုပ်သိမ်းပြီး ဖြစ်စေရမည်-

(က) နုတ်ထွက်ခွင့်ရရှိခြင်း၊

(ခ) အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊

(ဂ) တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းက တာဝန်ပေးအပ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) အကျင့်စာရိတ္တပျက်ပြားရာရောက်သည်ဟု ဤကိစ္စအလို့ငှာ ဗဟိုအမှုဆောင်အဖွဲ့က သတ်မှတ်ကြေညာထား သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(င) သေဆုံးခြင်း။

## အခန်း(၆)

## စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်

၂၉။ စစ်မှုထမ်းဟောင်းအဖွဲ့သည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ကဖြစ်စေ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ဖြစ်စေ သီးခြားလုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ရပိုင်ခွင့်၊ ပေးရန်တာဝန်တို့သည် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အသီးသီး၏ ရပိုင်ခွင့်၊ ပေးရန်တာဝန်တို့နှင့် တသီးတခြားစီ ဖြစ်စေရမည်။

၃၀။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ တစ်ရပ်ရပ်၏ ကိုယ်ပိုင်ရင်းနှီးငွေဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လိုအပ်လာလျှင် ဗဟိုအမှုဆောင်အဖွဲ့က စာရင်းရှင်းလင်းဖျက်သိမ်း စေရန် အမိန့်ချမှတ်နိုင်သည်။ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ် ရမည်။

## အခန်း(၇)

Myanmar Law Information System (MLIS)

**ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းအင်းစစ်ဆေးခြင်း**

၃၁။ (က) စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အသီးသီးသည် မိမိအဖွဲ့ပိုင် ရန်ပုံငွေဖြင့် ရပ်တည်ရမည်။ သို့ရာတွင် အစိုးရထံမှ အထောက်အပံ့များ၊ ချေးငွေများနှင့် အခြားအထောက်အပံ့ များကို ရယူနိုင်သည်၊

(ခ) စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အသီးသီးသည် မိမိအဖွဲ့အမည်ဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသည်။

၃၂။ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အသီးသီးပိုင် ရန်ပုံငွေများကို လုပ်ထုံးလုပ်နည်းများတွင်  သတ်မှတ်ထားသည့်အတိုင်း စီမံခန့်ခွဲရမည်။

၃၃။ စစ်မှုထမ်းဟောင်းအဖွဲ့အဆင့်ဆင့်၏ စာရင်းအင်းများကို စနစ်တကျထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်း ပြုနိုင် ရန် အလို့ငှာ-

(က) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ပါက နှစ်စဉ်နည်းလမ်းတကျ စာရင်းစစ်ဆေးရမည်၊

(ခ) လိုအပ်သည့်အခါ စစ်မှုထမ်းဟောင်းအဖွဲ့တစ်ရပ်ရပ်သည် စာရင်းစစ်ချုပ်ရုံး သို့မဟုတ် ယင်းရုံး လက်အောက်ရှိ သက်ဆိုင်ရာ စာရင်းရုံး၏ အကူအညီကိုတောင်းခံနိုင်သည်၊

(ဂ) ဗဟိုအမှုဆောင်အဖွဲ့သည် လိုအပ်သည့်အခါ စစ်မှုထမ်းဟောင်းအဖွဲ့တစ်ရပ်ရပ်၏ စာရင်းအင်းများကို စစ်ဆေးပေးရန် စာရင်းစစ်ချုပ်ရုံး သို့မဟုတ် ယင်းရုံးလက်အောက်ရှိ သက်ဆိုင်ရာ စာရင်းရုံး၏ အကူအညီကို တောင်းခံနိုင်သည်။

## အခန်း(၈)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်

၃၄။ မည်သူမျှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကဲ့သို့ အလားတူ အဖွဲ့အစည်းမျိုးကို ယှဉ်ပြိုင်ဖွဲ့စည်းခြင်း မပြုရ။

၃၅။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် နှစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံး ကျပ်တစ်သောင်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း(၉)

## အထွေထွေ

၃၆။ စစ်မှုထမ်းဟောင်းအဖွဲ့သည် ကိုယ်ပိုင်အမည်၊ အလံနှင့် တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၃၇။ အဖွဲ့ဝင်တို့ လိုက်နာရမည့် စည်းကမ်းများ၊ ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့်ကျင့်ဝတ် ဖောက်ဖျက်သူအဖွဲ့ဝင်အား စုံစမ်းအရေးယူခြင်းဆိုင်ရာ ကိစ္စများသည်လည်းကောင်း လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

Myanmar Law Information System (MLIS)

၃၈။ ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပထမအကြိမ် ညီလာခံမကျင်းပမီကာလအတွင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရန်ရှိသည်များကို ဤဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းထားသည့် စစ်မှုထမ်းဟောင်း အဖွဲ့၊ ဗဟိုဦးစီးအဖွဲ့၊ ဗဟိုအမှုဆောင်ကော်မတီ၊ မြို့နယ်အမှုဆောင်ကော်မတီတို့က ဆောင်ရွက်ရမည်။

၃၉။ ဤဥပဒေအရ ဖွဲ့စည်းသည့် စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်သည် ဤဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းထားသော စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်ပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန် တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဗဟိုအမှုဆောင်အဖွဲ့သည်-

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)